## စာပေဟောပြောသူများနည်းယူဖွယ်

လူငယ်စာရေးဆရာတစ်ဦးသည် စာပေဝိုင်းတစ်ခု၌ ဟောပြောရန်ရှိသဖြင့် ပြင်သစ်ဟာသနှင့် ပြဇာတ်ရေးဆရာကြီး ထရစ်တန်ဘားနဒ်ထံသွားရောက်၍ ဟောပြောအပြီးတွင် မည်သို့ပြုမူသင့်ကြောင်း အကြံဉာဏ်များပေးရန် တောင်းခံ၏။

ဆရာကြီးထရစ်တန်က "အလွယ်လေးပါကွာ ...။ ပထမဆုံး စာဟောစင်ပေါ်ကမင်းရဲ့ စာရွက်စာတမ်းတွေကို ကောက်ယူလိုက်၊ ပြီးတော့ ပရိသတ်ကိုဦးညွှတ်ပြီး အရှိအသေပေး နောက်ဆုံးမှာ ခြေဖျားထောက်ပြီးဆင်းခဲ့ပေတော့" ဟု စိဝ်ကာ အကြံပေး၏။ စာရေးဆရာ ပေါက်စမှာ ခေါင်းတညိတ်ညိတ်ဖြင့် နားထောင်နေရာမှ နောက်ဆုံးအချက်ကို မရှင်းမလင်းဖြစ်သွားကာ "ဟို .. ဟို ဆရာကြီး ခြေဖျားထောက်ဆင်းရတာက ဘာကြောင့်ဆိုတာလေး ..."ဟု မဝံ့မရဲမေး လိုက်ရာ ဆရာကြီးက ရယ်မောပြီးပြန်ဖြေလိုက်သည်မှာ "အော်၊ ဒါလား ... အိပ်ပျော်နေတဲ့ ပရိသတ်တွေ မနိုးသွားအောင်လို့လေ" ဟူသတည်း။

## စကားထဲကဇာတ်ပြ

ပတ်တေးသည် သူ၏သူငယ်ချင်းတစ်ယောက်အား သူအလုပ်ပြုတ်လာသည့် အကြောင်းကို ပြောပြလိုက်သည်။

"ဗိုမင်က မင်းကို ဘာကြောင့်များ ဒီအထိတောင် ဒေါသထွက်သွားရတာလဲကွ" ဟု သူငယ်ချင်းက အံ့ဩစွာမေးလိုက်သည်။

"အို၊ ဒါကတော့ မင်းလဲ ဗိုမင်တွေအကြောင်း သိပါတယ်ကွာ၊ သူတို့လိုလူမျိုးတွေဟာ ဘောင်းဘီအိတ်ထဲလက်ထည့်ပြီး လူတကာတွေ အလုပ်လုပ်တာကို ဟိုလျှောက်ကြည့်ဒီလျှောက်ကြည့် လုပ်နေတာပဲ မဟုတ်လား"

"ဟာ ဒါကတော့ မင်းပြောမှလား၊ တို့အားလုံး သိပါတယ်၊ ဒါပေမယ့် မင်းကို အလုပ်ထုတ်ပစ်လောက်အောင် ဖြစ်ရတဲ့အကြောင်း ..."

"အလကားပါကွာ၊ မနာလိုမှု သက်သက်ပါ၊ တခြား အလုပ်သမားတွေအကုန်လုံးက ငါ့ကို ဗိုမင်လို့ ထင်နေတယ် မဟုတ်လား"